# Thirteenth Sunday in Ordinary Time – Year B

## 1st READING: *Wisdom 1: 13-15; 2:23-24*

ပညာပါရမီကျမ်း၊ ၁း ၁၃–၁၅။ ၂း ၂၃–၂၄

ဘုရားသခင်သည်သေခြင်းတရားကိုဖန်ဆင်းသည်မဟုတ်။ အသက်ရှင်သောသူတို့၏ပျက်စီးခြင်းတွင်ကိုယ်တော်သည် ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိတော်မမူချေ။ အကြောင်းမူကား၊ကိုယ်တော်သည်အရာအားလုံးကိုဖန်ဆင်းတော်မူ၍အသက်ရှင် စေရန်ရည်ရွယ်တော်မူ၏။ သူတို့တွင်သေစေနိုင်သောအဆိပ်အတောက်မရှိ၊ငရဲပြည်သည်လည်းကမ္ဘာမြေကြီးကိုမလွှမ်းမိုး နိုင်ရာ။ အကြောင်းမူကား၊ဖြောင့်မတ်ခြင်းသည်သေနိုင်သောအရာမဟုတ်။ အမှန်စင်စစ်ကား၊ဘုရားသခင်သည်လူကိုမ ပျက်စီးမယိုယွင်းနိုင်ရန်ဖန်ဆင်းတော်မူခဲ့၏။ ကိုယ်တော်သည်မိမိ၏ဇာတိပကတိရွှေပုံသဏ္ဌာန်တော်အတိုင်းဖန်ဆင်း တော်မူခ၏့ ။သို့ရာတွင်နတ်ဆိုး၏မနာလိုဝန်တိုမှုကြောင့်သေခြင်းတရားသည်ကမ္ဘာလောကကြီးထဲသို့ဝင်ရောက်လာခဲ့၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps  30:2, 4, 5-6, 11, 12, 13
## ဆာလံ ၃၀

**သံပြိုင်။။** **အိုထာဝရဘုရား၊ကိုယ်တော်ကိုတပည့်တော်ချီးမြှောက်ပါမည်။ ကိုယ်တော်သည်တပည့်တော်ကိုကယ်တော်မူ၏။**
R.  **I will praise you, Lord, for you have rescued me.**

**၁။** အိုထာဝရဘုရား၊တပည့်တော်၏ဘုရားသခင်ကယ်တော်မူပါရန်ကိုယ်တော်ထံသို့တပည့်တော်အော်ဟစ်ခဲ့၍၊ကိုယ်တော်သည်တပည့်တော်ကိုပျောက်ကင်းချမ်းသာစေတော်မူခဲ့လေပြီ။ကိုယ်တော့်အပေါ်သစ္စာစောင့်သိသောအိုအသင်တို့၊ထာဝရဘုရားအားသီဆိုချီးမွမ်းကြလော့။သန့်ရှင်းမြင့်မြတ်တော်မူသောနာမတော်ကိုချီးမွမ်းကြလော့။ **(သံပြိုင်)**
I will extol you, O LORD, for you drew me clear and did not let my enemies rejoice over me. O LORD, you brought me up from the netherworld; you preserved me from among those going down into the pit.

၂။ ကိုယ်တော်၏အမျက်သင့်တော်မူခြင်းသည်တစ်ခဏမျှသာဖြစ်၏။ကျေးဇူးပြုတော်မူခြင်းကား၊တစ်သက်လုံးဖြစ်၏။ငိုကြွေးခြင်းသည်နံနက်အချိန်၌ရောက်လာစမြဲဖြစ်၏။ငါသည်မည်သည့်အခါမျှတုန်လှုပ်လိမ့်မည်မဟုတ်ဟူ၍လုံခြုံမှုကို ခံစားရသည့်အချိန်တွင်ငါပြောဆို၏။ **(သံပြိုင်)**
Sing praise to the LORD, you his faithful ones, and give thanks to his holy name. For his anger lasts but a moment; a lifetime, his good will. At nightfall, weeping enters in, but with the dawn, rejoicing.

၃။ ကိုယ်တော်သည်တပည့်တော်၏ဝမ်းနည်းပူဆွေးခြင်းကိုပျော်ရွှင်ကခုန်ခြင်းသို့ပြောင်းလဲစေတော်မူခဲ့ပြီ။ တပည့်တော် ၏လျှော်တေအဝတ်ကိုချွတ်ခွါပေး၍၊ ဝမ်းမြောက်ရွှင်လန်းခြင်းဖြင့်ဝတ်ဆင်ပေးခဲ့ပြီ။ ဤသို့ဖြင့်တပည့်တော်၏ဝိညာဉ် သည်ဆိတ်ဆိတ်မနေဘဲကိုယ်တော်ကိုသီဆိုချးမွမ်းနိုင်ပေသည်။ အိုထာဝရ ဘုရား၊တပည့်တော်၏ဘုရားသခင်တပည့် တော်သည်ကိုယ်တော်ကိုအစဉ်ထာဝရချီးမွမ်းပါမည်။
**(သံပြိုင်)**
Hear, O LORD, and have pity on me; O LORD, be my helper. You changed my mourning into dancing; O LORD, my God, forever will I give you thanks.

## 2nd READING: *2 Cor 8:7,9,13-15*

**ကော်ရင့်သုဩဝါဒစာ ဒုတိယစာစောင်    ၈း၇။၉။၁၃–၁၅**

သင်တို့သည်ယုံကြည်ခြင်း၊ဟောပြောခြင်း၊အသိပညာစိတ်ထက်သန်မှုနှင့်ငါတို့အပေါ်ထားရှိသောသင်တို့၏ချစ်ခြင်းမေတ္တာအစရှိသည့်ခပ်သိမ်းသောအရာတို့တွင်သာလွန်ကောင်းမွန်စွာဆောင်ရွက်ကြသည့်အတိုင်းဤမွန်မြတ်သောအလှူပေးခြင်းအမှုတွင်လည်းကောင်း၊မှန်စွာဆောင်ရွက်ကြပါလော။အကြောင်းမူကား၊ငါတို့သခင်ယေရှုးခရစ်တော်၏ကျေးဇူးတော်ကိုသင်တို့သိကြပြီးဖြစ်၏။ကိုယ်တော်သည်ပြည့်စုံကြွယ်ဝသူဖြစ်သော်လည်းမိမိ၏ဆင်းရဲချို့တဲ့ခြင်းအားဖြင့်သင်တို့သည်ပြည့်စုံကြွယ်ဝသူများဖြစ်လာစေရန်သင်တို့အတွက်ဆင်းရဲသူဖြစ်ခဲ့၏။အခြားသူတို့ကိုသက်သာစေ၍သင်တို့အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်စေရန်ငါမရည်ရွယ်ပါ။သို့ရာတွင်ညီမျှမှုရှိစေရေးအတွက်ယခုသင်တို့၏ကြွယ်ဝမှုသည်သူတို့၏ချို့တဲ့မှုကိုဖြည့်ဆည်းပေးရမည်ဖြစ်ပြီး၊ဤနည်းအတိုင်းသူတို့၏ကြွယ်ဝမှုသည်လည်းသင်တို့၏ချို့တဲ့မှုကိုဖြည့်ဆည်းခြင်းဖြင့်ညီမျှမှုရှိလာလိမ့်မည်။ကျမ်းစာတွင်ရေးသားထားသည်မှာများများစုသိမ်းသူတွင်မပို၊နည်းနည်းစုသိမ်းသူသည်မလိုဟူ၍ဖစ်သတည်း။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: Mark 5:21-43

ရှင်မာကုဧဝံဂေလိကျမ်း ၅း ၂၁–၄၃

သခင်ယေဇူးသည်အိုင်တစ်ဘက်ကမ်းသို့လှေဖြင့်တစ်ဖန်ကူးတော်မူသောအခါ၊များစွာသောလူအစုအဝေးတို့သည်အထံတော်သို့စုရုံးလာကြ၏။ကိုယ်တော်သည်ကမ်းနားတွင်ရှိတော်မူစဉ်။ဂျဲရုအမည်ရှိသောတရားဇရပ်မှူးတစ်ဦးသည်အထံတော်သို့ရောက်လာ၏။သူသည်ကိုယ်တော့်ကိုမြင်သောအခါ၊ခြေရင်းတော်၌ပျပ်ဝပ်လျက်၊ကျွန်တော်၏သမီးငယ်သည်သေလုနီးပါးဖြစ်နေပါသည်။ကိုယ်တော်ကြွလာတော်မူ၍၊သူမအပေါ်၌လက်တော်ကိုတင်တော်မူလျှင်သူမသည်ပျောက်ကင်းချမ်းသာရ၍အသက်ရှင်ပါလိမ့်မည်ဟုအသနားခံလျှောက်ထားလေ၏။ကိုယ်တော်သည်ထိုသူနှင့်အတူလိုက်ပါသွားတော်မူ၏။များစွာသောလူအစုအဝေးသည်လည်းကိုယ်တော်၏နောက်တော်သို့လိုက်ကြသဖြင့်ကိုယ်တော်၏အနားတွင်တိုးဝှေ့ပြည့်ကျပ်နေကြ၏။ထိုအရပ်၌တစ်ဆယ်နှစ်နှစ်ပတ်လုံးသွေးသွန်နာစွဲကပ်နေသောအမျိုးသမီးတစ်ယောက်ရှိ၏။သူမသည်များစွာသောဆေးဆရာတို့၏ကုသမှုတွင်ပြင်းထန်စွာဝေဒနာခံခဲ့ရ၍မိမိ၌ရှိသမျှဥစ္စာပစ္စည်းကုန်ခဲ့သော်လည်းသက်သာရာမရသည့်အပြင်ဝေဒနာသည်ပို၍ဆိုးရွားလာခဲ့၏။သူမသည်သခင်ယေဇူး၏အကြောင်းကိုကြားသိရသောအခါလူအစုအဝေးထဲသို့ဝင်၍ကိုယ်တော်၏ဝတ်လုံတော်ကိုတို့လေ၏။အကြောင်းမူကား၊သူမကငါသည်ကိုယ်တော်၏ဝတ်လုံတော်ကိုသာထိရပါလျှင်ရောဂါပျောက်ကင်းချမ်းသာရလိမ့်မည်ဟုမိမိစိတ်ထဲတွင်ယုံကြည်ပြောဆိုသောကြောင့်ဖြစ်၏။ကိုယ်တော်၏ဝတ်လုံတော်ကိုတို့ထိသည်နှင့်တစ်ပြိုင်နက်သူမ၏သွေးသွန်ခြင်းသည်ရပ်ဆိုင်းသွား၍၊သူမ၏ခန္ဓာကိုယ်၌  ဝေဒနာပျောက်ကင်းသွားသည်ကိုခံစားရလေ၏။သခင်ယေဇူးသည်မိမိထံမှတန်ခိုးတော်ထွက်သွားသည်ကိုသိတော်မူ၍လူအစုအဝေးတို့ဘက်သို့ချက်ချင်းလှည့်တော်မူပြီးမငါ၏ဝတ်လုံတော်များကိုမည်သူတို့ထိသနည်းဟုမေးတော်မူ၏။ထိုအခါတပည့်တော်တို့ကလည်းလူအစုအဝေးသည်ကိုယ်တော့်ကိုဝိုင်းရံတိုးဝှေ့နေသည်ကိုသိတော်မူပါလျက်ငါ့ကိုမည်သူတို့ထိသနည်းဟုမေးပါသလောဟူ၍လျှောက်ထားကြ၏။သို့သော်ကိုယ်တော်သည်မိမိကိုမည်သူတို့ထိကြောင်းသိရန်ပတ်လည်သို့လှည့်ကြည့်တော်၏။ထိုအမျိုးသမီးသည်မိမိ၌ဖြစ်ပျက်သမျှကိုသိသောကြောင့်ကြောက်ရွံ့တုန်လှုပ်လျက်ခြေတော်ရင်းတွင်ပျပ်ဝပ်၍ဖြစ်ရပ်မှန်ကိုအကုန်စင်လျှောက်ထားလေ၏။ကိုယ်တော်ကလည်းသမီးသင်၏ယုံကြည်ခြင်းသည်သင့်ကိုပျောက်ကင်းချမ်းသာစေပြီ။စိတ်ချမ်းသာစွာသွားလော့။သင်၏ရောဂါပျောက်ကင်းစေဟုသူမအားမိန့်တော်မူ၏။ထိုသို့ကိုယ်တော်မိန့်တော်မူစဉ်တွင်တရားဇရပ်မှူး၏အိမ်မှလူအချို့ရောက်လာကြ၍၊သင်၏သမီးသေပြီ။အဘယ်ကြောင့်ဆရာသခင်ကိုဒုက္ခထပ်မံပေးမည်နည်းဟုဆိုကြ၏။သခင်ယေဇူးမူကား၊ဤစကားကိုကြားသောအခါ၊မစိုးရိမ်နှင့်။ယုံကြည်ခြင်းသာရှိလော့ဟုတရားဇရပ်မှူးအားမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်ပေတရု၊ယာကုပ်နှင့်ယာကုပ်၏ညီယောဟန်တို့မှတစ်ပါးမည်သူကိုမျှမိမိနှင့်အတူလိုက်ခွင့်ပြုတော်မမူဘဲတရားဇရပ်မှူးအိမ်သို့သွားလေ၏။သူတို့သည်တရားဇရပ်မှူး၏အိမ်သို့ရောက်ကြသောအခါ၊လူများရုတ်ရုတ်သဲသဲဖြစ်လျက်ကျယ်လောင်စွာအော်ဟစ်ငိုကြွေးနေသည်ကိုကိုယ်တော်မြင်ယောင်တော်မူ၏။ကိုယ်တော်သည်အိမ်ထဲသို့ဝင်တော်မူ၍၊သင်တို့သည်အဘယ့်ကြောင့်ရုတ်ရုတ်သဲသဲဖြစ်လျက်ငိုကြွေးနေကြသနည်း။သူငယ်မသေသည်မဟုတ်။အိပ်ပျော်လျက်သာရှိသည်ဟုသူတို့အားမိန့်တော်မူ၏။ထိုအခါသူတို့သည်ကိုယ်တော့်ကိုပြောင်လှောင်ရယ်မောကြ၏။သို့သော်ကိုယ်တော်သည်သူ

တို့အားလုံးတို့ကိုအပြင်သို့ထွက်စေပြီးမှသူငယ်မ၏မိဘတို့ကိုမိမိနှင့်ပါလာသောသူများနှင့်အတူခေါ်တော်မူ၍သူငယ်မကိုထားသောအခန်းထဲသို့ဝင်တော်မူ၏။ထို့နောက်ကိုယ်တော်သည်သူငယ်မ၏လက်ကိုဆုပ်ကိုင်လျက်တာလိသာကွမ်ဟုမိန့်တော်မူ၏။အဓိပ္ပါယ်ကား၊သူငယ်မထလော့၊သင်အားငါအမိန့်ရှိသည်ဟုဆိုလိုသတည်း။သူငယ်မသည်ချက်ခြင်းထ၍လမ်းလျှောက်လေ၏။အကြောင်းမူကား၊သူမသည်အသက်တစ်ဆယ့်နှစ်နှစ်ရှိပြီဖြစ်၏။သူတို့သည်လည်းအလွန်အံ့သြကြ၏။ကိုယ်တော်ကဤအကြောင်းကိုမည်သူ့မျှမသိစေရမည့်အကြောင်းသူတို့အားတင်းကျပ်စွာတားမြစ်တော်မူ၍၊သူငယ်မကိုစားစရာတစ်စုံတစ်ခုပေးစေခြင်းငှာမိန့်တော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**